# နိုင်ငံရေး သမား အောင်ဆန်း

**ရာပြည့် စာအုပ်တိုက်ထုတ် ဒဂုန်တာရာရဲ့ "ဖျတ်ခနဲ တွေ့ရသော ရုပ်ပုံလွှာ ကားချပ်များ" စာအုပ်မှ 'နိုင်ငံရေး သမား အောင်ဆန်း' ကို ပြန်လည်ကူးယူ ဖော်ပြတာဖြစ်ပါတယ်။**



လူထုအား မိန့်ခွန်း ပြောကြားနေတဲ့ ဗိုလ်ချုပ် အောင်ဆန်း။

### နိုင်ငံရေးသမား အောင်ဆန်း

**[၁]**

လွန်ခဲ့သော ခုနှစ် နှစ်ခန့် ဗိုလ်ချုပ် အသက် ရှိစဉ်က တာရာ မဂ္ဂဇင်း လူကို လေ့လာခြင်း ကဏ္ဍ၌ "အောင်ဆန်း သို့မဟုတ် အရိုင်း" ဟူ၍ ရေးသား ခဲ့သည်။ ထိုအခါ ကပင် ဗိုလ်ချုပ် အောင်ဆန်းက "တာရာ ကတော့ ငါ့ကို အရိုင်း တဲ့ကွာ။ ငါဟာ စင်စစ်တော့ ရိုင်းသလောက် ရိုင်းပါတယ်။ ဒါပေမယ့် မရိုင်းတဲ့ အချက်ကလေး တွေလည်း ရှိပါ သေးတယ်ကွာ' ဟု ပြောခဲ့သည်။

ထိုအခါက ဗိုလ်ချုပ် အောင်ဆန်းကို လူထု တရပ်လုံးက "ရွှေပေါ် မြတင်" ကြည်ညို ချစ်ခင်နေခိုက် ကျွန်တော်က "အရိုင်း" ဟု ဆိုလိုက်သော အခါ တချို့က မကျေနပ်ကြ ....။

အမှန်အားဖြင့် "အရိုင်း" ဟု တင်စား လိုက်ခြင်းမှာ ဗိုလ်ချုပ်အား နာစေလို၍ နှိမ့်ချ ရေးသားခြင်း မဟုတ်ဘဲ သူ၏ လူ့သဘာဝ ပုံဟန်ကို ထင်ရှား ပေါ်လွင် လေအောင် ဥပမာဖြင့် ဖော်ပြ လိုက်ခြင်းပင် ဖြစ်ပေသည်။

သည် လူ့သဘာဝ စိတ်နေ စိတ်ထား ရုပ်ပုံလွှာကို မူတည်ကာ "နိုင်ငံရေးသမား အောင်ဆန်း" အဖြစ်ကို လေ့လာ ရပေမည်။

**[၂]**

သည်လောက် ငယ်ရွယ်သော အသက်နှင့်၊ သည်လောက် ကြီးကျယ် ထင်ရှားသော အမျိုးသား ခေါင်းဆောင် အဖြစ် နိုင်ငံရေး မော်ကွန်း တင်ထွန်း တည်ရှိ ရခြင်းမှာ သူ့၌ ထူးခြားခြင်း တရပ် ရှိရပေမည်။

သည်ထူးခြားခြင်းကား အခြား မဟုတ်။ "တခု တည်းသော ရည်ရွယ်ချက်တွင် စိုက်စိုက်မတ်မတ် ထားရှိသော စိတ်ဓာတ်" ဟု ထင်မြင် မိသည်။ တခု တည်းသော အာရုံ ရှိသော ဧကမူ စိတ်ဟု ဆိုရ ပေမည်။

သည် ဧကမူ စိတ်မှာ အပြင်ပ သဏ္ဍာန် ၌ပင် ဖော်ပြ ထင်လင်းလျက် ရှိသည်။

တက္ကသိုလ် ရောက်စက သမဂ္ဂမှ လူများစွာနှင့် ရင်းနှီး ခင်မင် ခဲ့သည်။ ကျွန်တော်မှာ စာပေ လောကမှာ နေသော်လည်း စင်စစ်အားဖြင့် နိုင်ငံရေး သမားများနှင့် ပိုမိုရင်းနှီး သိကျွမ်း ခဲ့သည်သာ များသည်။

သိသော လူများ အနက် ကိုအောင်ဆန်းမှာ ထူးခြားသော ဟန်ဖြင့် ပေါ်လွင်နေ၏ ။

ထူးခြားခြင်းကား ချစ်စဖွယ် ပြုံးမြသော သခင် ဗဟိန်း ကဲ့သို့ ခင်မင်စရာ လူတယောက် ကဲ့သို့ မဟုတ်။

ကိုကြီးနုလို့ မှုန်ငေး ရီဝေသော အကြည့်ဖြင့် လူတဖက်သားကို ညှို့ယူသော စိတ်ညှို့ အိပ်ငွေ့ ချသမား ဆန်ဆန် လူမျိုးလည်း မဟုတ်။

ချစ်ခင် စွဲငြိဖွယ်ရာ မျိုးကား လုံးဝ မဟုတ်။ မှုန်ကုတ်ကုတ်။ ကြောင်စင်းစင်းနှင့် ....။

မှုန်ကုတ်ကုတ်မှာ တစုံတရာကို အာရုံ စိုက်၍ တွေးတော ကြံဆ နေသဖြင့် အတွင်းမှ လေးနက် ထက်သန်စွာ တွေးတောခြင်းမှာ အပြင် မျက်နှာ

အမှုအရာ၌ မျက်မှောင် ကုတ်ဟန်ဖြင့် ထင်ရှား ဖော်ပြလျက် ရှိနေသည်။ လူတို့သည် တစုံတရာကို လေးနက်စွာ တွေးတော ကြံဆသည့် အခါ မျက်မှောင်ကုတ် လာတတ်သည်။

ယင်းတို့ မျက်မှောင် ကုတ်ကာ တွေးတော ကြံဆ နေသည့် အချိန် များလာသော အခါ မှုန်ကုတ်ကုတ် ဟန်မှာ သူ၏ သဘာဝ ဖြစ်လာ တော့သည်။ သူ့ကို ဘယ်အခါ ကြည့်ကြည့်၊ မှုန်ကုတ်ကုတ် ဟန်မူနှင့်သာ တွေ့ရသည်။ ကြာတော့ ကြောင်စင်းစင်း ဖြစ်လာ ပေသည်။

ရှေ့တည့်တည့် ကြည့်နေ သော်လည်း ကြည့်ရာသို့ မျက်လုံးက မမြင်။ သူ၏ အာရုံမှာ အတွေး ၌သာ ဝင်လျက် ရှိနေ၏။

ထို့ကြောင့်လည်း သူ့ကို နှုတ်ဆက်တာ သိချင်မှ သိသည်။ သူက ပြန်၍ နှုတ်မဆက်။ လမ်းတွင် တွေ့က ခေါ်ချင်မှပင် ခေါ်သည်။ ခပ်ကြောင်ကြောင် ဖြစ်နေ၏။

တခါက စိတ်ပညာ ဘက်၌ လေ့လာ နားလည်သော ဒဂုန် နတ်ရှင်နှင့် မန္တလေးသို့ အတူ သွားဖူးရာ ကျွန်တော့်အား ဝေဖန် ဖူးသည်။

"ဒဂုန် တာရာ အခန်းထဲ ဝင်လာတာကို အကဲခတ် ကြည့်နေ မိတယ်။ ကိုယ်မရောက်ဖူးတဲ့ နေရာ၊ ဘယ်သူမှ အသိမရှိတဲ့ နေရာ ဝင်လာ သလိုပဲ။ စိတ်ပညာ အရတော့ အတွင်း ဝင်နေတဲ့ စိတ်လို့ ခေါ်တယ်။ အပြင်ကို မေ့နေတာ" ဟု ပြောဖူးသည်။

ကျွန်တော့်မှာ စိတ်ပညာကို နားမလည်၊ အယုံအကြည်လည်း ရှိသည် မဟုတ်။ သို့သော် ဒဂုန် နတ်ရှင် ပြောပြချက်နှင့် မေ့တတ်သည့် အကျင့်ကို သုံးသပ် မိရင်း ကျောင်းတုန်းက ကိုအောင်ဆန်း၏ မှုန်ကုတ်ကုတ် ကြောင်စင်းစင်း ဟန်ကို ပို၍ နားလည် သိမြင် လာမိသည်။

သူသည် တခုတည်း ကိုသာ လေးနက်စွာ တွေးတော ကြံဆ နေသည်။ တခုတည်းသော ရည်ရွယ်ချက် ကိုသာ စိုက်မတ် နေသည်။

ထို့ကြောင့်ပင် လူများက သူ့ကို နှုတ်ဆက်တာ မမြင်လိုက်။ ခေါ်တာ မသိလိုက်။ ကြောင်နေခြင်း ဖြစ်သည်။

သူတွေးတော ကြံဆ နေသော တခုတည်းကား အဘယ်နည်း။ သူစိုက်မတ် နေသော အာရုံ တခု တည်းကား အဘယ်နည်း။ သည်အချက်ပင် သူ့အား နိုင်ငံရေး သမား အဖြစ် ကြီးကျယ် စေခြင်း ဖြစ်သည်။

သည် အချက်ကား အမျိုးသား တော်လှန်ရေး (ဝါ) နယ်ချဲ့လက်မှ ရုန်းထွက်သော လွတ်လပ်ရေး ပင်တည်း။

**[၃]**

သူသည် နိုင်ငံရေး တခုတည်း ကိုသာ အာရုံ ထားသည်။ အခြား ဘာကိုမျှ ဂရု မစိုက်။

သူနှင့် စကား ပြောတိုင်း သူသည် နိုင်ငံရေး စကား ကိုသာ ပြောလျက် ရှိသည်။ ရှေ့ကို မျက်လုံးကြီး စိုက်ကာ "ဗမာပြည်ကြီး လွတ်လပ်ရေး ရအောင်" ဟု ဒလဟော စီးကျသော စမ်းရေ အဟုန်ဖြင့် သွန်ချလျက် ရှိတတ်သည်။

ထိုအခါ များတွင် ဘယ်သူမှ ကြားဖြတ် ဝင်ပြော၍ မရ။ "နေဦး၊ ကျုပ်ပြောဦးမယ်" ဟူ၍ပင် လက်ဖြင့် ကာလျက် စိတ်ပါလက်ပါ ပြောလျက် ရှိနေ၏။ ကျွန်တော်တို့မှာ ပြုံး၍သာ နေကြရသည်။ ဤမျှ နိုင်ငံရေးစိတ် ပြင်းထန်သည်။

ပြောသလောက် မက ပြောသည်ထက် လုပ်သည်။ စိုက်စိုက် စွပ်စွပ် ရှုပ်ရှုပ် လုပ်သည်။

ဂျပန်သို့ နိုင်ငံခြား လက်နက် အကူအညီ ရယူရန် သွားခြင်းကား အမှောင် ထဲတွင် မိုက်မိုက်ကန်းကန်း စွန့်ရမ်း သွားခြင်း ဖြစ်သည်။ ဘယ်သူမျှ မသွားချင်သော ကိစ္စ ဖြစ်၏။ အဆက်အသွယ် ကောင်းကောင်း မရှိ။ မရေမရာနှင့်၊ သူပင် ဒရွပ်ထိုး သွားခဲ့၏။

အမျိုးသား တော်လှန်ရေး စိတ် (ဝါ) နိုင်ငံရေး စိတ်နှင့် သူ သွားနိုင်ခြင်း ဖြစ်ပေ၏။ သူနှင့် အတူ ဗိုလ်နံအောင်သာ ပါသွား ခဲ့၏။ ထို့ကြောင့်လည်း .... အမှိုင်တွင် ငတ်ပြတ်ကာ သောင်တင် နေခဲ့ကြခြင်း ဖြစ်သည်။

နိုင်ငံရေး ကိစ္စက လွဲ၍ အခြား ဘာမျှ ဂရုမစိုက်။ ၁၉၄၅ ခုက "အရှေ့နှင့် အနောက် အသင်း" ၌ သူပြောခဲ့သော စကားရပ်ကို ကိုးကား ပြလိုသည်။ သူ နိုင်ငံခြား သွား၍ နိုင်ငံရေး ဆက်သွယ်ပုံ အဖြစ်အပျက်။ တိုကျို ရောက်၍ ကာနယ် စူဇူကီးနှင့် တွေ့ခန်း၌ ....

"တိုကျို လေဆိပ်မှာ မိနာမီလို့ ခေါ်တဲ့ ကာနယ် စူဇူကီးက လာကြိုပြီး ဟော်တယ် တခု ခေါ်သွားတယ်။ သူက မိန်းမ ယူမလားလို့ မေးတယ်။ (ကျွန်တော်ဟာ အဲဒီတုန်းက ရာခိုင်နှုန်း တရာပြည့် လူပျိုစစ်ပေါ့။) ကျွန်တော်တို့က ကြားရတာတောင် ရှက်ပြီး ငြင်းလိုက်တယ်။ စူဇူကီးက ပြန်ပြောတာ၊ သူ့စကားနဲ့ ပြောရမယ် ဆိုရင် 'ရှက်စရာ မလိုဘူး၊ ရေချိုး သလို ပါပဲ' တဲ့...." ဟု ဖော်ပြ ခဲ့သည်။

အခြား ရဲဘော် သုံးကျိပ်ဝင်များ အနက် ခင်မင် သူများက ကျွန်တော့်အား စီကာ ပတ်ကုံး ပြောပြ ဖူးကြသည်။ အခြား သူများကား မရှောင်နိုင် ခဲ့ကြ။

သူ့တွင် နိုင်ငံရေး ဟူသော တခုတည်းသော အလုပ် ရည်ရွယ်ချက်က လွဲ၍ အခြား ဘာမှ မရှိ၊ မကပ်ငြိ။ သည်နေရာ၌ "ဓနရှင် နိုင်ငံရေး သမား" မျိုးနှင့် ကွာလှ ဘိ၏။

ဝတ်ကောင်း စားလှ ဝတ်ကာ၊ စကားလုံး အလှ များကို ရွေးချယ် ဟောပြောကာ၊ လူအကြိုက်လိုက်၊ လူများနှင့် သင့်မြတ်အောင် လုပ်ကာ မီးစင်ကြည့်ကသော ကျပန်း နိုင်ငံရေး သမား မျိုးနှင့် ကွာသည်။

သူ့တွင် နိုင်ငံရေး ရည်ရွယ်ချက်က လွဲ၍ အခြား ကိုယ်ရေး ကြီးပွားမှု၊ ကိုယ်ရေး အာသာ ဆန္ဒ၊ ကိလေသာ ရမ္မက် ဖြည့်မှု တို့နှင့် ရောထွေး ကပ်ငြိခြင်း မရှိ။

နိုင်ငံရေး သမား အဖြစ် ပြည့်ဝ ကုံလုံခြင်း ရှိသည်။ စာပေနှင့် မကင်းကွာ။ စာပေကို အမြဲတမ်း လေ့လာ ဖတ်ရှုခြင်း ရှိသည်။ တခါက တက္ကသိုလ် သမဂ္ဂ၌ တနေ့လုံး ကျွန်တော်နှင့် စာပေ အကြောင်း ပြောခဲ့ကြ ဖူးသည်။

ပင်းယ မဂ္ဂဇင်း၌ ပါရှိသော "ကမ္ဘာ စာပေနှင့် ဗမာ ဂန္ထဝင်" ဟူသော ဆောင်းပါးကို ရှေ့တွင်ပင် ဖတ်ကာ စေ့စေ့စပ်စပ် ကိုးကား၍ ဝေဖန်သည်။ ကျွန်တော်၏ ရတု ကဗျာနှင့် ဝတ္ထုများ ကိုပင် သိနေသည်။

"ဒီဆောင်းပါး ကတော့ ဂန္ထလောကတို့၊ ဘာတို့မှာ ထည့်ဖို့ ကောင်းတယ်။ ဒီမယ် ခင်ဗျား ကဗျာတို့၊ ဝတ္ထုတို့ချည်း ရေးမနေ ပါနဲ့ဗျာ။ နိုင်ငံရေး လှုံ့ဆော်မှု လုပ်ပေး ပါဦး။ စာရေး ကောင်းကောင်းနဲ့ တော်လှန်ရေး လုပ်မယ် ဆိုရင်...." ဟု ဆိုကာ ဂေါ်ကီ၏ ဝတ္ထု အကြောင်း ရောက်သွား တော့၏။

နိုင်ငံရေး သမားများတွင် စာပေနှင့် မကင်းကွာဖို့ လိုပေသည်။ လီနင် ဆိုလျှင် စာပေ သဘောတရားများ ရေးနိုင်ခဲ့၏။ ဂေါ်ကီ၏ ဝတ္ထုကို ကောင်းကောင်း ဖတ်ကာ ဝေဖန် ခဲ့၏။ ပလက်ကင်နော့မှာ အနုပညာ သဘောများ ရေးခဲ့၏။ မော်စီတုံးမှာ ခက်ခဲသော ကာရန်ဖြင့် ကဗျာများပင် စီကုံး ခဲ့သည်။

သခင်နု၊ သခင်သန်းထွန်း တို့သည်လည်း စာရေး ကောင်းသူများပင် ဖြစ်ကြသည်။

သခင် အောင်ဆန်းသည် စာရေး ကောင်းတဦး ဖြစ်သည်။ ဂျပန်ခေတ်က ကော်ပီ စာအုပ်များဖြင့် ရေးထားသော သူကိုယ်တိုင် ရေးသည့် အတ္ထုပ္ပတ္တိ လက်ရေးမူကို သူ၏ မော်တော်ကား ရှေ့အံ၌ ထိုးထားသည်ကို မတော်မဆ ဖတ်ခဲ့ရ ဖူးသည်။

"ဥဿဟ" ဟု ပါဠိဖြင့် အမည် ပေးထားသည်။ အမှာတွင် စစ်အတွင်း၌ စစ်သေနာပတိ ဖြစ်နေခြင်းမှာ ကာလနှင့် လုပ်ခွင့် တိုက်ဆိုင် နေပုံကို ရေးထားသည်။ ငယ်စဉ်က အဖြစ်အပျက် များသာ ရှိသေးသည်။ ရေးဟန် ရှိ၍ ဖတ်ရသည်မှာ သွက်လက်သည်။ ပါဠိကို အတော် သုံးနှုန်းသည်။

**[၄]**

နိုင်ငံရေး သမား အောင်ဆန်းသည် သည်ထူးခြားသော ဇေမူ စိတ်ဓာတ်ဖြင့် လုပ်ခဲ့ရာ နိုင်ငံရေး၌ အောင်မြင် ပါသလောဟု ဝေဖန် စောကြော အပ်သည်။

အမျိုးသား တော်လှန်ရေး၌ ဦးဆောင် နိုင်ခဲ့သည်မှာ ရာဇဝင် သက်သေ ဖြစ်သည်။ အမျိုးသား တော်လှန်ရေး ဒီရေ တက်ကြွချိန်၌ တမျိုးသားလုံးက သူ့အား ကြည်ညို လေးစား ယုံမှတ် ခဲ့ကြသည်။

ယနေ့ တော်လှန်ရေး၌ ကဏ္ဍ နှစ်ဆင့် ရှိသည်။ အမျိုးသား တော်လှန်ရေး။ အမျိုးသား လွတ်မြောက်ရေး။ အမျိုးသား တော်လှန်ရေးမှာ နယ်ချဲ့ကို ခြားနားသော အရေးတော်ပုံ ဖြစ်သည်။ အမျိုးသား လွတ်မြောက်ရေး သည်ကား နယ်ချဲ့ သြဇာခံ ဖောက်ပြန်သော တော်လှန်ရေး ဆန့်ကျင်ဘက် အင်အားစု၏ ဖိနှိပ်မှုမှ လွတ်မြောက်ရေး ဖြစ်သည်။

ဗိုလ်ချုပ် အောင်ဆန်းသည် အမျိုးသား တော်လှန်ရေး ကဏ္ဍ၌ ခေါင်းဆောင် ဖြစ်ပေသည်။

ဗိုလ်ချုပ်ကြောင့် အမျိုးသား တော်လှန်ရေး အောင်ခဲ့ ပါသလော။ ပုဂ္ဂိုလ် အားဖြင့် အောင်သည်ကား မဟုတ်ပေ။ လူထု၏ လှုပ်ရှား ထကြွမှု ကြောင့်သာလျှင် ဖြစ်သည်။ သို့သော် သည်လွတ်လပ်ရေး တိုက်ပွဲ၌ ရှေ့တန်းက ပါဝင် ခဲ့ပေသည်။

လွတ်လပ်ရေး တိုက်ပွဲတွင် အောင်ဆန်း - အက်တလီ စာချုပ် ဖြင့် အဆုံးသတ် ခဲ့သည် မဟုတ်ပေ။ နု - အက်တလီ စာချုပ် ဖြင့်သာ အဆုံးသတ်ခဲ့သည်။ တိုင်းပြု ပြည်ပြု လွှတ်တော်မှ အခြေခံ ဖွဲ့စည်းပုံ စည်းမျဉ်း ဥပဒေကို ဆွေးနွေး ညှိနှိုင်း ရေးဆွဲလျက် ရှိစဉ် ဗိုလ်ချုပ် အောင်ဆန်းမှာ ကျဆုံး ခဲ့ရ ရှာပေသည်။

သခင် အောင်ဆန်း၏ နိုင်ငံရေးတွင် အမှားများ ရှိသလောဟု ဝေဖန်မှုဖြင့် မေးဖွယ် ရှိသည်။

သခင် အောင်ဆန်း၏ နိုင်ငံရေးများကို အစဉ်တစိုက် လေ့လာ အကဲခတ် လာခဲ့သည်။ "ဗိုလ်ချုပ် လုပ်တာ အကုန် မှန်တယ်" ဟု ယုံစား သူတွေလည်း ရှိကြသည်။ "ဘာ ဗိုလ်ချုပ်လဲ၊ နယ်ချဲ့နဲ့ စေ့စပ်တာပဲ" ဟု အထင်သေးသည့် အယူအဆ ရှိသူတွေလည်း ရှိကြသည်။

ကျွန်တော်လည်း ဗိုလ်ချုပ်ကို နိုင်ငံရေး သမား အဖြစ် လေးစား စိတ်ဝင်စားသူ ဖြစ်သည်။ ဖဆပလ လှုပ်ရှားမှုကို အကဲခတ် နေသူ ဖြစ်သည်။

သို့သော် ဗိုလ်ချုပ် လုပ်ခဲ့သည်များ အနက် သဘော မတူနိုင်သည့် အချက် များလည်း ရှိခဲ့သည်။

ကွန်မြူနစ် ပါတီကို ဖဆပလမှ ထုတ်ပယ် သည်က တကြိမ် စိတ်ပျက် မိသည်။ ကွန်မြူနစ် ပါတီသည် လွတ်လပ်ရေး တိုက်ပွဲ (ဝါ) အမျိုးသား တော်လှန်ရေး၌ ရှေ့တန်းက ပါခဲ့သည်။ ဖဆပလ ဟူသော ညီညွတ်ရေး တပ်ပေါင်းစု၌ အင်အား တအား ဖြစ်သည်။ စစ်အပြီး၌ ဖဆပလကို ဗိုလ်ချုပ်က ဥက္ကဋ္ဌ၊ သခင် သန်းထွန်းက အတွင်းရေးမှူး အဖြစ် ဦးဆောင် ခဲ့ကြသည်။

ကျွန်တော့် သဘောက ဗိုလ်ချုပ် အောင်ဆန်းနှင့် သခင် သန်းထွန်းတို့ တွဲဖက် ဆောင်ရွက် သည်ကို မြင်လို၏။ တို့ဗမာ အစည်းအရုံး ခေတ်က တတွဲတွဲ နိုင်ငံရေး အစီအစဉ်များ ရေးဆွဲ သတ်မှတ် ကြသည်ကို သတိ ရမိ၏။

ညီညွတ်ရေး တပ်ပေါင်းစု ကွဲပြို မည်ကို နည်းနည်းမှ မလိုလားခဲ့။ တပ်ပေါင်းစု ကွဲပြို မည်ကို နယ်ချဲ့က အလို ရှိ၏။ ထိုအခါက နှစ်ဖက် စလုံးကို အပြစ် တင်ခဲ့၏။

ကျွန်တော်တို့က ညီညွတ်ရေး တပ်ပေါင်းစု ဖြင့်သာလျှင် ငြိမ်းချမ်းစွာ တည်ဆောက် နိုင်မည်ဟု ယုံကြည် ထား၏။

တိုင်းပြု ပြည်ပြု လွှတ်တော် အတွက် ရွေးကောက်ပွဲ လုပ်ရာ ဗိုလ်ချုပ်၏ "ပညာ တတ်တွေ မလိုဘူး၊ လက်ညှိုး ထောင်တတ်ရင် တော်ပြီ" ဟု အမတ် ရွေးကောက်ပွဲ မိန့်ခွန်းကို ဖတ်ရသော အခါ စိတ်ပျက် မိပြန်သည်။

ဤအချက် များသည် အမှားလော၊ အမှန် လောဟု ဝေဖန် စိစစ် ကြရန် လိုသည်။

ယနေ့ ဖြစ်နေသော မငြိမ်သက်မှုများ၊ ညီညွတ်ရေးနှင့် ငြိမ်းချမ်းရေး ပြဿနာ များက အဖြေများ ဖြစ်ကြ ပေသည်။ မညီညွတ်ခြင်း၏ အကျိုး အပြစ်များ၊ တင်မိလျှင် ချ၍ မရတတ်သော နိုင်ငံရေး အာဏာ အကျိုး အပြစ် သဘောများကို လူထုသည် ခံစား သိမြင် ကြပေပြီ။

**[၅]**

ဗိုလ်ချုပ်သည် အချီးမြှောက် အယုံကြည်ခြင်း အခံရ ဆုံးသော နိုင်ငံရေး ခေါင်းဆောင် ဖြစ်ခဲ့သည်။ သူ၏ အရှိန်အဝါသည် ကြီးမား လှပေ၏။

ဗိုလ်ချုပ်၏ လမ်းစဉ်ကို လိုက်ခဲ့ ကြပါ သလောဟု ဝေဖန် ကြရန် လို၏။

အကြမ်းဖျင်းက စ၍ ကြည့်ကြ စေလိုသည်။

ယာယီ အာဇာနည် ဗိမာန် တောင်ကုန်းသို့ တက်၍ အလေး ပြုကြသော သူတို့၏ ခြေရာများသည် မွမွ များလှ ပေပြီ။

ဗိုလ်ချုပ် လမ်းစဉ်ကို သန္နိဋ္ဌာန် ချကြ ကုန်သော ပန်းခွေ များသည် ပန်းတောကြီး တတော အဖြစ် မို့မောက် လောက်ပေပြီ။

သို့သော် အာဇာနည် ဗိမာန်သည် စက္ကူ၌ ခဲသားမျဉ်း အဖြစ်ပင် တည်ရှိ နေသေးသည်။ ဗိုလ်ချုပ် ကျောက်ရုပ်မှာ "မပြီးတတ်သေး၊ ဝိုးဝါးထွေး" ၍သာ နေခဲ့ရ ရှာသည်။

၆ နှစ်ပင် ကြာခဲ့ ပေပြီ ....။

အတိုးကြီးစားနှင့် ငွေတိုး ပေးနေသော ဘာဘူ တယောက် အိမ်၌ ဗိုလ်ချုပ် အောင်ဆန်း ဓာတ်ပုံ ချိတ်ထားသည်ကို တွေ့ခဲ့ ရ၏။ အမှန်အားဖြင့် ဗိုလ်ချုပ်သည် အတိုးကြီး စနစ်ကို ဆန့်ကျင်သူ ဖြစ်သည်။

ဗိုလ်ချုပ်ပြပြီး မတော်မတရား လုပ်ခြင်းမျိုး ကိုကား မလိုလားအပ်။

ပန်းချီ ဆရာ ကိုအုန်းလွင် နေသော ၃၉ လမ်း ကြိမ်းထိုး ဆိုင်ရှေ့၌ စစ်အင်္ကျီ ရှည်ကြီး ဝတ်ပေး ထားသော ဗိုလ်ချုပ် ရုပ်ကို တွေ့ရ၏။ စစ်ဦးထုပ်၌ ပန်းများပင် ဝေနေတတ် သေး၏။ ပွဲ့နေ့ ဆိုလျှင် လမ်းထိပ် ရာဇမတ်ကွက် မဏ္ဍပ်တွင်း၌ ရောက်နေ တတ်ပေသည်။

ဗိုလ်ချုပ်ရုပ် ကျကျနန မရှိ၍ သူတို့ လုပ်တတ် သလောက်နှင့် လုပ်ခြင်းသာ ဖြစ်ကြ ပေသည်။

ဗိုလ်ချုပ်သည် နိုင်ငံရေး သမား အဖြစ် ဤမျှ အရှိန်အဝါ ပွဲ့တင်သံ ကြီးမား ကျယ်ဝန်း ခဲ့သည်။ သို့သော် အုပ်ချုပ်ရေး သမား အဖြစ်ကား မဟုတ် ခဲ့ပေ။

လီနင်သည် နိုင်ငံရေး သမား အဖြစ် ဇာဘုရင် စနစ်ကို တိုက်ချ ခဲ့သည်။ တော်လှန်ရေး သမား အဖြစ်နှင့် ဦးဆောင် ခဲ့သည်။ ဆိုရှယ်လစ် အစိုးရ အဖွဲ့၏ ခေါင်းဆောင် အဖြစ်လည်း နိုင်ငံတော်ကို အုပ်ချုပ် ခဲ့ပေသည်။ သို့ဖြစ်၍ ထူးချွန်သော နိုင်ငံရေး သမား လည်းဖြစ်၊ အုပ်ချုပ်ရေး သမားလည်း ဖြစ်ခဲ့သည်။

ဗိုလ်ချုပ် အောင်ဆန်းကား အစိုးရ အဖွဲ့ကို ကျကျနန မလုပ်ရ သေးခင် ကွယ်လွန် သွားခဲ့ ပေသည်။

ဂရိတ် အတ္ထုပ္ပတ္တိရေး ဆရာကြီး ပလူတာက "သေးငယ်သော အဖြစ် တရပ်၊ စကား တလုံး၊ ပြက်လုံး တကွက်က ပင်လျှင် စစ်ပွဲများ၊ လှုပ်ရှားမှု များစွာထက် လူ၏ သဘောထားကို ဖော်ပြ တတ်သည်" ဟု ရေးဖူးသည်။

ဗိုလ်ချုပ် မကွယ်လွန်ခင် မေလ လောက်က "လွတ်လပ်ရေး ရတဲ့ အချိန် အထိတော့ ကျုပ် နိုင်ငံရေး လုပ်ရ ဦးမှာပဲ၊ လွတ်လပ်ရေး ရပြီးလို့ ပါတီ တိုက်ပွဲတွေ ဖြစ်တဲ့ အချိန်မှာ ကျုပ်က မပါချင်ဘူး။ ဘေးဖယ် နေမယ်၊ သူများတွေ လုပ်တာ ထိုင်ကြည့်ပြီး စာအုပ် ရေးမယ်" ဟု ပြောခဲ့တာ ရှိ၏။

သူ၏ နိုင်ငံရေး အမြင် သဘောမှ လုစ်ခနဲ အန်ကျ လာသော အစက် တစက် ဖြစ်သည်။

တော်လှန်ရေးကား မပြီး မြောက်သေးပေ။ တဆင့်ပြီး တဆင့် သွားရသည်။ တောက်လျှောက် တက်နိုင်မှ တက်သည်။ စတာလင်က တကွေ့ပြီး တကွေ့ ခွေရစ် တက်ရ တာလည်း ရှိသည်ဟု ရေးဖူး၏။

ဗိုလ်ချုပ် အောင်ဆန်းကား အမျိုးသား တော်လှန်ရေး ကဏ္ဍ အထိ အောင်မြင် ထူးခြားသော နိုင်ငံရေး သမားကြီး ဖြစ်ပေသည်။

***[ရှုမဝမဂ္ဂဇင်း၊ အတွဲ(၇)၊ အမှတ်(၇၄)။ ဇူလိုင်လ၊ ၁၉၅၃]***

ဆက်နွယ်တဲ့ အကြောင်းအရာ

- မှတ်မိသမျှ – ကိုအောင်ဆန်း၏ ကျောင်းသား ဘဝ
- တို့ဗမာအစည်းအရုံးခေတ်က သခင်အောင်ဆန်း
- ကျွန်တော်တို့ မှတ်မိသိရှိသမျှ ဗိုလ်ချုပ်
- ဦးအောင်ဆန်း၏ နောက်ဆုံးနေ့
- အာဇာနည် ခေါင်းဆောင်ကြီးများ၏ အတ္ထုပ္ပတ္တိ အကျဉ်း
- အောင်ဆန်း သို့မဟုတ် အရိုင်း